# မြန်မာရွေးကောက်ပွဲ - အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံအတွက် စဉ်းစားချက်များ
## နိုဝင်ဘာလ ၈ ရက်၊ ၂၀၂၄ ခုနှစ်

၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာ့အထွေထွေရွေးကောက်ပွဲ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယင်းရွေးကောက်ပွဲသည် မြန်မာပြည်သူလူထု၏ တရားဝင်ဆန္ဒကို ထင်ဟပ်သည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ပြန်လည်အောက်မေ့ရန် အရေးကြီးပါသည်။ ရွေးကောက်ပွဲရလဒ် မမှန်ကန်ဟု စစ်တပ်၏ စွပ်စွဲပြောဆိုမှုသည် ယနေ့ထိ သက်သေခိုင်လုံမှုမရှိဘဲ 'ရွေးကောက်ပွဲ' အသစ်ကျင်းပမည့် စစ်တပ်၏ အစီအစဉ်သည်လည်း ဥပဒေအရ တရားမဝင်ဖြစ်ကာ ၎င်းတို့ တရားဝင်အသိအမှတ်ပြုမှုရရှိရန် မသမာသော ကြိုးပမ်းမှုသာ ဖြစ်သည်။ စစ်တပ်ကစီစဉ်ကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် တည်ငြိမ်မှု မဆောင်ကျဉ်းပေးနိုင်သည့်အပြင် ပဋိပက္ခများကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုနှင့် လွတ်လပ်သော ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့ တည်ထောင်ခြင်း အပါအဝင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းနေသည့် မြန်မာ့ဒီမိုကရေစီအင်အားစုများအား နိုင်ငံတကာအသိုက်အဝန်းမှ ကူညီထောက်ပံ့မှုများ ပေးအပ်သင့်ပါသည်။

လွတ်လပ်ရေးရစဉ်မှစ၍ မြန်မာနိုင်ငံသားများသည် မိမိတို့၏ ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ကာ မိမိတို့ရွေးချယ်သော အစိုးရကို မဲပေးတင်မြှောက်နိုင်ရေးတို့အတွက် အစဉ်အဆက် ကြိုးပမ်းခဲ့ကြရသည်။ စစ်တပ်ထိပ်ပိုင်းအရာရှိများက အထက်အောက် အသွင်ကူးပြောင်းရေးများ စတင်လုပ်ဆောင်လာပြီး နောက် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများတွင် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ထိုရွေးကောက်ပွဲနှစ်ခုသည်ပင် ရိုဟင်ဂျာများကို မဲပေးပိုင်ခွင့်မှ ချန်လှပ်ထားခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဆုံးဖြတ်ချက်ချရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း အပါအဝင် စီမံရေးနှင့် လုံခြုံရေးစိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသည်။

မည်သို့ပင်ဆိုစေကာမူ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စိန်ခေါ်မှုများ ရှိသော်ငြားလည်း ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကို မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၉၅% တွင် ကျင်းပနိုင်ခဲ့ပြီး ဆန္ဒမဲပေးသူ ရာခိုင်နှုန်း ၇၁.၈၉% ရှိခဲ့ကာ နိုင်ငံတကာ နှင့် [မြန်မာနိုင်ငံသား ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ]က ["ရွေးကောက်ပွဲသည် မြန်မာပြည်သူလူထု၏ ဆန္ဒကို ထင်ဟပ်မှု ရှိသည်]” ဟု ကြေညာခဲ့သည်။ [တရုတ်]၊ [အိန္ဒိယ]၊ [လာအို]၊ [ကမ္ဘောဒီးယား]၊ [စင်္ကာပူ]နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများကလည်း ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခဲ့ကြသည်။

### *မြန်မာ့လွှတ်တော်စနစ်*

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်များကို မဲများသူအနိုင်ရ (FPTP) ရွေးကောက်ပွဲစနစ်အပေါ် အခြေခံ၍ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော် (ပြည်ထောင်စု အောက်လွှတ်တော်) တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၄၀ ဦး ရှိပြီး ၎င်းတို့အနက်မှ ကိုယ်စားလှယ် ၃၃၀ ဦးမှာ မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ်များမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ ကျန် ၁၁၀ ဦး (၂၅%) မှာ စစ်တပ်က သီးသန့်ခန့်အပ်သည့်သူများဖြစ်သည်။

အမျိုးသားလွှတ်တော် (ပြည်ထောင်စု အထက်လွှတ်တော်) တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၂၂၄ ဦး ရှိပြီး ၎င်းတို့အနက်မှ ကိုယ်စားလှယ် ၁၆၈ ဦးမှာ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံဖြစ်ပြီး ကျန် ၅၆ ဦး (၂၅%) မှာ စစ်တပ်က သီးသန့်ခန့်အပ်သည့်သူများဖြစ်သည်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအတွက် တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ခုစီကို မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ် ၁၂ ခု စီဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများရှိသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တွင် ထိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ / တိုင်း တစ်ခုချင်းစီအတွက် ကိုယ်စားလှယ် ၁၂ ဦးအနက်မှ ကိုယ်စားလှယ်တစ်ဦးကျစီ ပါဝင်ကိုယ်စားပြုရန် သတ်မှတ်ထားသည်။


*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*

SUOMI FINLAND | Norway | LUXEMBOURG AID & DEVELOPMENT


ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးအသီးသည်လည်း မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ်များ (မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ)ဖြင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်တင်မြှောက်ပြီး ၎င်းလွှတ်တော်များတွင်လည်း စစ်တပ်မှ ခန့်အပ်သည့် ကိုယ်စားလှယ် ၂၅% ပါဝင်သည်။

### *၂၀၂၀ ရွေးကောက်ပွဲရလဒ်များ*

ပြည်တွင်းပြည်ပစိန်ခေါ်မှုများနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပြန့်ပွားမှု အခက်အခဲများ ရှိလင့်ကစား ၂၀၂၀ ရွေးကောက်ပွဲရလဒ်သည် ဒေါ်အောင်ဆန်းစုကြည်ပါတီ သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲကဲ့သို့ပင် ဤရွေးကောက်ပွဲတွင်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ NLD က ဆက်လက်၍ အနိုင်ရကာ အစိုးရပါတီနှင့် အတိုက်အခံပါတီအကြား မဲရလဒ်ကွာဟမှု ပို၍ပင် များပြားခဲ့သည်။ ယခင်ရွေးကောက်ပွဲများကဲ့သို့ပင် ၂၀၂၀ ရွေးကောက်ပွဲ မဲရလဒ်များသည် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ကြောင်း အထင်အရှား ပြသလျက်ရှိခြင်း ဖြစ် သည်။




၂၀၂၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အချက်အလက်များအရ ပြည်သူ့လွှတ်တော်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) သည် တိုက်ရိုက် ရွေးကောက်ခံ ကိုယ်စားလှယ်နေရာ ၃၁၅ နေရာအနက် ၂၅၈ နေရာ အနိုင်ရခဲ့ပြီး မဲရာခိုင်နှုန်း ၆၈.၀၄% ရရှိခဲ့ပါသည်။ စစ်တပ်၏ မဟာမိတ်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (USDP) မှာမူ တိုက်ရိုက် ရွေးကောက်ခံ ကိုယ်စားလှယ် နေရာ ၃၁၅ နေရာအနက် ၂၆ နေရာသာ အနိုင်ရခဲ့ပြီး မဲရာခိုင်နှုန်း ၂၁.၈၉% ရရှိခဲ့ပါသည်။ တိုင်းရင်းသား ပါတီများမှာမူ တိုက်ရိုက်ရွေးကောက်ခံ ကိုယ်စားလှယ် နေရာ ၂ နေရာမှ ၁၃ နေရာ အနိုင်ရခဲ့ပြီး ယင်းတို့အားလုံး မဲရာခိုင်နှုန်း ၂ % အထက် မရရှိခဲ့ပေ။[1]





အမျိုးသားလွှတ်တော်တွင် NLD သည် တိုက်ရိုက် ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၁၆၁ နေရာအနက် ၁၃၈ နေရာ အနိုင်ရခဲ့ပြီး မဲရာခိုင်နှုန်း ၆၈.၃၀% ရရှိခဲ့ပါသည်။ USDP မှာမူ တိုက်ရိုက်

[1] ၂၀၂၀ ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လုံခြုံရေးအကြောင်းပြချက်ဖြင့် မဲဆန္ဒနယ် ၁၅ ခု၌ ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့ပြီး ရလဒ်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၁၅ နေရာနှင့် အမျိုးသားလွှတ်တော်တွင် ၇ နေရာ လစ်လပ်ခဲ့သည်။

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*

SUOMI FINLAND Norway LUXEMBOURG AID & DEVELOPMENT


ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၁၆၁ နေရာ အနက် ၇ နေရာ အနိုင်ရခဲ့ပြီး မဲရာခိုင်နှုန်း ၂၂.၁၆% ရရှိခဲ့ပါသည်။ တိုင်းရင်းသားပါတီ များသည် တိုက်ရိုက်ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၂ နေရာမှ ၄ နေရာ အနိုင်ရခဲ့ပြီး ယင်းတို့အားလုံး မဲရာခိုင်နှုန်း ၂ % အထက် မရရှိခဲ့ပေ။




ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် NLD သည် တိုက်ရိုက်ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၈၂ % အနိုင်ရရှိခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှလွဲ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ၁၄ ခုအနက် ၁၂ ခုတွင် အများစုအနိုင်ရရှိခဲ့သည်။ စစ်တပ်၏ မဟာမိတ် USDP သည် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် တိုက်ရိုက်ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၆ % အနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားပါတီများမှာမူ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် တိုက်ရိုက်ရွေးကောက်ခံကိုယ်စားလှယ်နေရာ ၃၃ % အနိုင်ရခဲ့သည်။[2]

မဲများသူအနိုင်ရ FPTP ရွေးကောက်ပွဲစနစ်အရ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများအကြား လွှတ်တော်ကိုယ်စားလှယ်နေရာများ ခွဲဝေမှုသည် မဲဆန္ဒနယ် အများအပြားတွင် မဲအရေအတွက် အများဆုံးရရှိသည့် ပါတီများကို အလေးသာစေပါသည်။ NLD ပါတီအနိုင်ရခဲ့ခြင်းမှာ ဤအချက်ကြောင့်ဖြစ်သည်။ အခြားပါတီများသည် ထောက်ခံမဲ အတိုင်းအတာတစ်ခုအထိ ရရှိကြသော်ငြား ၎င်းတို့ကိုအားပေးသည့် ပြည်သူများ စုစည်းနေထိုင်ရာ နေရာများတွင်သာ မဲအများဆုံးရရှိပြီး ထိုနေရာများအတွက်သာ ကိုယ်စားလှယ်နေရာ ရရှိကြသည်။

မြန်မာနိုင်ငံ၏အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် (၁၃) ရာခိုင်နှုန်း နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် (၁၈) ရာခိုင်နှုန်း အသီးသီးတိုးမြင့်လာပြီး မြန်မာအမျိုးသမီးများသည်လည်း မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှု၏ ရှေ့တန်းမျက်နှာစာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ရွေးကောက်ပွဲရလဒ်များအရ မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ခုလုံးတွင် တိုးမြင့်လာသည်ကိုတွေ့ရသည်။




ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်များ လွှတ်တော်သက်တမ်းသစ်အတွက် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပရန် စီစဉ်ထားသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်သည် အထောက်အထားမရှိဘဲ ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်စွပ်စွဲမှုများဖြင့် အရပ်သားအစိုးရထံမှ အာဏာသိမ်းယူကာ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်မညီသော တရားမဝင် အာဏာသိမ်းမှု ပြုလုပ်ခဲ့သည်။

[2] အာရှဖောင်ဒေးရှင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ - ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၊ ၁၈ နိုဝင်ဘာလ ၂၀၂၀

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*

SUOMI FINLAND · Norway · LUXEMBOURG AID & DEVELOPMENT

## *မြန်မာနိုင်ငံ၏ ကြားကာလ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအင်စတီကျူးရှင်းများ*

စစ်အုပ်ချုပ်ရေးကို မြန်မာပြည်သူလူထုက တွန်းလှန်လျက်ရှိရာ ပြည်သူလူထုကအပ်နှင်းသည့် အာဏာကို စွဲကိုင်လျက် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကလည်း မြန်မာနိုင်ငံ၏ ကြားကာလရွေးကောက်ခံလွှတ်တော်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့သည်။

စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ကြေညာ၍ ဒီမိုကရေစီအရေး အကျိုးသက်ဆိုင်သူများနှင့် သဘောတူညီမှုရရှိထားသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ရန် ရည်ရွယ်သည့် ဘုံသဘောတူညီမှုရှိသော နိုင်ငံရေးလမ်းပြမြေပုံတစ်ခုဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အခြေခံ၍ ကြားကာလအုပ်ချုပ်ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် မြန်မာနိုင်ငံ၏ကြားကာလအုပ်ချုပ်ရေးအင်စတီကျူးရှင်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် စစ်ကောင်စီနှင့် အာဏာသိမ်းမှုကိုထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်အာဏာကိုလည်း ရုပ်သိမ်းခဲ့သည်။ ထိုသို့ရုပ်သိမ်းခြင်းသည် နိုင်ငံတကာက လက်ခံကျင့်သုံးသော လုပ်ထုံးလုပ်နည်း တစ်ခုဖြစ်ပြီး ရာဇဝတ်မှုကျူးလွန်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးကိုထိပါးသော နိုင်ငံတော်သစ္စာဖောက်မှုကို ကျူးလွန်သည်ဟု စွပ်စွဲပြစ်တင်ခံရပါက လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်မှ ဖယ်ရှားနိုင်သည်။ ထိုလွှတ်တော်ကိုယ်စားလှယ်များကို ဖယ်ရှားရခြင်းသည် နိုင်ငံ၏ ရွေးကောက်ခံကိုယ်စားလှယ်များအပေါ် ယုံကြည်မှုဆက်လက်ရှိနေစေရန်နှင့် နိုင်ငံ၏ စံတန်ဖိုးများကို လေးစားလိုက်နာရန်လည်းဖြစ်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ လုပ်ပိုင်ခွင့်အာဏာသက်တမ်းသည် ၅ နှစ်ဖြစ်ပြီး သာမန်အခြေအနေတိုင်းဆိုပါက ၂၀၂၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ စစ်အာဏာသိမ်းမှုနှင့် မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်သစ်ဖြင့် ရွေးကောက်ပွဲကျင်းပမည့် ပုံစံနှင့်အချိန်ကာလ မသတ်မှတ်မီအထိ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ လုပ်ပိုင်ခွင့်အာဏာ သက်တမ်းတိုးခြင်းအား ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပေါ် အခြေခံနိုင်သည်။

ပဋိပက္ခများဖြစ်ပွားလျက်ရှိသောကြောင့် ရွေးကောက်ပွဲကျင်းပရန်မဖြစ်နိုင်သော အခြေအနေကဲ့သို့သော အကျပ်အတည်းကာလများအတွင်း ဒီမိုကရေစီနိုင်ငံများ၌ လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာကို ၎င်းတို့၏ ကနဦးသက်တမ်းထက် ယာယီသက်တမ်း တိုးနိုင်ပါသည်။ ယူကရိန်းလွှတ်တော်သည်လည်း မကြာသေးခင်က ထိုသို့သက်တမ်းတိုးခဲ့သေးသည်။

အာဏာသိမ်းမှုဖြစ်ပွားပြီးကတည်းက အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကွန်ယက်တစ်ခုကို ဖွဲ့စည်း၍ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလွှတ်တော်သမဂ္ဂ (IPU) ကဲ့သို့သော ညီလာခံများတွင်လည်း မြန်မာနိုင်ငံအတွက် စစ်မှန်သော အားလုံးပါဝင်မှုရှိသည့် ဒီမိုကရေစီအနာဂတ်အား အရေးဆို ဆောင်ရွက်လျက်ရှိပါသည်။

## *အာဏာသိမ်းမှု နှင့် စစ်တပ်၏ ရွေးကောက်ပွဲစနစ် ဖန်တီးခြင်း*

စစ်တပ်ခေါင်းဆောင်ပိုင်းသည် ၂၀၂၀ ရွေးကောက်ပွဲ၏ သမာသမတ်ကျမှုအပေါ် ရွေးကောက်ပွဲမတိုင်ခင်ကတည်းက မေးခွန်းထုတ်မှုများရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များအား ကနဦးလက်ခံခဲ့သော်လည်း နောက်ပိုင်းတွင်မူ

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*


ရွေးကောက်ပွဲကော်မရှင်နှင့် အစိုးရအား ကန့်ကွက်စာ မြောက်များစွာတင်သွင်းခဲ့သည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် စစ်တပ်က ဖွဲ့စည်းလိုက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) သည် ရွေးကောက်ပွဲမသမာမှု လုပ်ကြံဖော်လမ်းကို တွင်တွင်ပြောဆိုကာ ‘ရွေးကောက်ပွဲ’ အသစ် ကျင်းပမည့် အစီအစဉ်ကို အဖန်တလဲလဲ ပြောကြားလျက်ရှိသည်။[3]


ထိုသို့ ရွေးကောက်ပွဲအသစ် ကျင်းပနိုင်ရေးအတွက် စစ်ကောင်စီသည် မဲဆန္ဒရှင်စာရင်းမွမ်းမံခြင်းများ၊ မဲများသူအနိုင်ရစနစ် (FPTP) မှ အချိုးကျ ကိုယ်စားပြုစနစ် (PR) အဖြစ် ပြောင်းလဲခြင်းများ လုပ်ဆောင်ကာ ရွေးကောက်ပွဲဆိုင်ရာမူဘောင်ကို ပြုပြင်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စစ်ကောင်စီသည် ၎င်းနှင့်အကျိုးတူပူးပေါင်းသည့် နိုင်ငံရေးပါတီများကို မျက်နှာသာပေးသည့်၊ အင်မတန်ဆိုးရွားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်းလိုက်သည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာ ၂၅ % သီးသန့်လျာထား ရယူထားသည့် အားသာချက်ကိုအမှီပြု၍ လွှတ်တော်တွင်း စစ်တပ်၏ အာဏာတည်ဆောက်ရန် အကွက်ကျကျ ကြိုးပမ်းမှုတစ်ခုပင်ဖြစ်သည်။ ထို့ပြင် စစ်တပ်အကျိုးကိုလိုလား ထောက်ခံသော ပါတီအများစုလွှမ်းမိုးသည့် လွှတ်တော်တစ်ရပ် ဖြစ်စေရန် စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံရေးပါတီများ၏ လွှတ်တော်တွင်းပါဝင်မှု အချိုးအစား တိုးမြှင့်ရန် ကြိုးစားခြင်းလည်းဖြစ်သည်။

နိုင်ငံရေးပါတီ စုစုပေါင်း ၅၀ သည် စစ်ကောင်စီက ကျင်းပရန် စီစဉ်ထားသည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားပြီး USDP အပါအဝင် ထိုပါတီအားလုံးသည် စစ်တပ်နှင့် အကျိုးတူ ပူးပေါင်းသည့်ပါတီများ ဖြစ်သည်။ မှတ်ပုံတင်ထားသည့် ပါတီ ၅၀ အနက် ၃၅ ပါတီသည် ၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မဲရာခိုင်နှုန်းအားဖြင့် ၂၇.၄% သာ ရရှိခဲ့သည်။ နိုင်းယှဉ်ရသော် NLD နှင့် SNLD ကဲ့သို့သော တိုင်းရင်းသားပါတီကြီးများ အပါအဝင် မှတ်ပုံတင်ထားခြင်းမရှိသော ပါတီများသည် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် မဲရာခိုင်နှုန်း ၇၂ % ရရှိခဲ့ကြသည်။




အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) အတွက် ဆန္ဒမဲနှင့် ကိုယ်စားလှယ်နေရာရရှိမှုကို နှိုင်းယှဉ်ပါကလည်း ယင်းကဲ့သို့ အလားတူပင် ဖြစ်သည်။




မြန်မာနိုင်ငံ၏ မြောက်များစွာသောနိုင်ငံရေးပါတီများထဲမှ နိုင်ငံရေးပါတီအနည်းငယ်မျှသာ ပါဝင်သည့် စစ်တပ်က

[3] Michael Lidauer (၂၀၂၃)၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲခြယ်လှယ်ခြင်းများ၊ ၂၀၂၁ အာဏာသိမ်းမှုအပြီး မိမိကိုယ်တိုင်နှင့် ပြင်ပက တရားဝင်မှုပေးခြင်း၊ အာရှဆန်းစစ်လေ့လာရေးဂျာနယ်၊ DOI: 10.1080/14672715.2023.2212366

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*

စီစဉ်သော ရွေးကောက်ပွဲသည် မြန်မာပြည်သူလုထု၏ ဆန္ဒကို ထင်ဟပ်မည်မဟုတ်ပေ။

ရွေးကောက်ပွဲစနစ်အား PR စနစ်အဖြစ်ပြောင်းလဲမည့် စစ်တပ်၏ ပြောဆိုချက်များကလည်း PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပပါက တိုင်းရင်းသားပါတီများ အပါအဝင် ပါတီငယ်များအားလုံး ကိုယ်စားလှယ်နေရာ ရနိုင်ခြေ ပိုမိုအခွင့်အလမ်းရှိနိုင်သည်ဆိုသည့် စိတ်ကူးယဉ် ဇာတ်လမ်းတစ်ခုကို ဖန်တီးပေးလျက်ရှိသည်။ စင်စစ် [၎င်းတို့ကိုထောက်ခံအားပေးသော မဲဆန္ဒရှင်များ နေထိုင်သည့် နေရာဒေသပြန့်ကျဲမှု]အပေါ် မူတည်၍ နိုင်သည်လည်း ရှိသလို၊ ရှုံးသည်လည်း ရှိနိုင်သည်။

ထိုသို့ ယူဆကြခြင်း၏ အဓိကအကြောင်းရင်းခံမှာ မြန်မာနိုင်ငံတွင် ကျင့်သုံးသော မဲများသူအနိုင်ရစနစ် (FPTP) ကြောင့်ဖြစ်သည့်အပြင် မြို့နယ်ကိုအခြေခံပြီး ဖွဲ့စည်းသည့် မဲဆန္ဒနယ်များ၏ ကြီးမားသော အချိုးမညီမျှမှု ကြောင့်ပင်ဖြစ်သည်။ ဆိုလိုရင်းမှာ ထိုသို့ဖွဲ့စည်းလိုက်သည့် မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ်များတွင် နေထိုင်ကြသည့် လူဦးရေမှာ မဲဆန္ဒနယ်တစ်ခုနှင့်တစ်ခု အင်မတန်ကွဲပြားခြားနားသောကြောင့် အချိုးမညီမျှမှု ကြီးကြီးမားမား ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဥပမာ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို ကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်း မဲဆန္ဒနယ်အတွင်းနေထိုင်သူ လူဦးရေမှာ ၁,၁၀၉ ဦးရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့နယ်မဲဆန္ဒနယ် အတွင်းနေထိုင်သူ လူဦးရေမှာ ၄၃၉,၆၂၂ ဦးရှိသည်။ မြို့နယ်ကိုအခြေခံပြီး မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ရွေးကောက်တင်မြှောက်သော မဲဆန္ဒနယ်များ ဖွဲ့စည်းသည့်အခါ အချို့မဲဆန္ဒနယ်များတွင် ပိုမိုကိုယ်စားပြုမှုဖြစ်ပေါ်စေပါသည်။[4]

ပြည်သူ့လွှတ်တော်အတွက် စစ်တပ်ကအဆိုပြုထားသည့် PR ရွေးကောက်ပွဲစနစ်သည် မြို့နယ်များအစား ခရိုင်များအား ရွေးကောက်ပွဲမဲဆန္ဒနယ်အဖြစ် သတ်မှတ်ရန် အဆိုပြုထားသည်။ စစ်တပ်ကောက်ယူထားသည့် မတိကျ၊ မသေချာ၊ စိတ်ချယုံကြည်နိုင်ဖွယ်မရှိသော သန်းခေါင်စာရင်းအရ ရရှိလာသည့် လူဦးရေစာရင်း အပေါ်မူတည်၍ မဲဆန္ဒနယ်တစ်ခုစီအလိုက် ကိုယ်စားလှယ်နေရာ အရေအတွက် ပြန်လည် အစီအစဉ်ချမှတ်ရန်လည်း ထိုစနစ်တွင် အဆိုပြုထားသေးသည်။ သို့သော် ကိုယ်စားပြုမှု ရရှိ မည့်/နစ်နာမည့် မဲဆန္ဒရှင်အုပ်စုများနှင့် ဆွေးနွေးတိုင်ပင် ထားပုံ မပေါ်ပေ။

ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းဖြင့် လွှတ်တော် ကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ်များအကြား ခိုင်မာသောဆက်နွယ်မှုရှိမည့်ဟန် ပေါ်သော်လည်း အမှန်တကယ်တွင် လူနည်းစုတိုင်းရင်းသား ပြည်နယ်များနှင့် ဗမာလူများစုတိုင်းဒေသကြီးများကြားရှိ ရွေးကောက်ခံ ကိုယ်စားလှယ်အရေအတွက်အား ပြောင်းလဲအစီအစဉ် ချမှတ်ခြင်းပင်ဖြစ်သည်။ ထိုသို့စီမံခြင်းအားဖြင့် ကရင်၊မွန်၊ ရခိုင်မှအပ ကျန်ပြည်နယ်များ ရွေးကောက်ခံ ကိုယ်စားလှယ်နေရာများ ဆုံးရှုံးမည်ဖြစ်ပြီး မကွေး၊စစ်ကိုင်း၊တနင်္သာရီမှအပ ကျန်တိုင်းဒေသကြီးများ က ရွေးကောက်ခံကိုယ်စားလှယ်နေရာများ ရရှိလာကြမည်ဖြစ်သည်။ အနှစ်ချုပ်ပြောရလျှင် ပြည်နယ်များမှ ကိုယ်စားလှယ်နေရာ ၂၅ နေရာ တိုင်းဒေသကြီးများ ထံသို့ရောက်ရှိသွားမည်ဖြစ်သည်။

### *အာဏာသိမ်းမှုအလွန်အကူးအပြောင်းကာလ၏ ရွေးကောက်ပွဲဒီဇိုင်း*[5]

#### *လွတ်လပ်သော ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း*

မြန်မာ့ဒီမိုကရေစီအင်အားစုသည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကိုအခြေခံ၍ ကြားကာလဖွဲ့စည်းပုံအခြေခံ ဥပဒေမူဘောင်တစ်ခု ရေးဆွဲလျက်ရှိပြီး ထိုမူဘောင်တွင် ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရန်အတွက် အဓိက အဖွဲ့အစည်းဖြစ်သည့် လွတ်လပ်၍ လုပ်ငန်းကျွမ်းကျင်မှု

4 Michael Lidauer (၂၀၂၃)၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲခြယ်လှယ်ခြင်းများ၊ ၂၀၂၁ အာဏာသိမ်းမှုအပြီး မိမိကိုယ်တိုင်နှင့် ပြင်ပက တရားဝင်မှုပေးခြင်း၊ အာရှဆန်းစစ်လေ့လာရေးဂျာနယ်၊ DOI: 10.1080/14672715.2023.2212366

5 လမ်းဆုံက ရွေးကောက်ပွဲများ - မြန်မာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်အလွန်အတွက် ရွေးကောက်ပွဲဒီဇိုင်း၊ International IDEA၊ ၂၀၂၂၊ https://www.idea.int/sites/default/files/publications/elections-at-a-crossing-point-electoral-design-in-postcoup-myanmar-MY.pdf

ရှိသော ကြားကာလရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရန် ထည့်သွင်းစဉ်းစားသင့်သည်။ အနာဂတ်တွင် ပေါ်ပေါက်လာမည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့သည် အမှီအခိုကင်းလွတ်လပ်မှုရှိရန်နှင့် ယင်း၏ တရားဝင်မှုနှင့် အခွင့်အာဏာတို့သည်လည်း နိုင်ငံအနှံ့ သက်ရောက်မှုရှိစေရန် ယန္တရားများ ချမှတ်ဆောင်ရွက်ထားသင့်သည်။ ထို့ပြင် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းပိုင်းဆိုင်ရာတွင် အားလုံးပါဝင်မှုရှိပြီး ပွင့်လင်းမြင်သာမှုရှိရန် အစီအမံများ ချမှတ်ထားသင့်သည်။

## *ဥပဒေမူဘောင်*

အနာဂတ်ဖက်ဒရယ်မူဘောင်အောက်၌ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများကို ဖော်ဆောင်ရာနှင့် အကာအကွယ်ပေးရာတွင် နိုင်ငံအနှံ့ တန်းတူညီမျှမှုနှင့် တသက်မတ်တည်း ရှိစေရန် မရှိမဖြစ် လိုအပ်သည်။ ပျက်ပြယ်သွားပြီဖြစ်သော၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များကို ဖြေရှင်းရာ၌ လွှတ်တော်နှင့် အစိုးရအဖွဲ့အတွင်း စစ်တပ်ပါဝင်မှုကို မေးခွန်းထုတ်ရုံမျှသာမကဘဲ လူ့အခွင့်အရေးကာကွယ်မှုဆိုင်ရာ တရားရေးယန္တရားများ၊ တရားဥပဒေစိုးမိုးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးများ ကာကွယ်ရေးတို့ကို ခိုင်မာအားကောင်းစေရန်အတွက် ကျော်လွန် ဖြေရှင်းသင့်သည်။

ဗဟိုနှင့် ဖက်ဒရယ်ယူနစ်အဆင့် နှစ်ခုလုံးတွင် ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားသည့် လုပ်ပိုင်ခွင့်အာဏာ အခိုပွဲယ်ဖွင့်ဆိုမှုလိုအပ်သည်။ ထို့ပြင် ဖက်ဒရယ်သဘောတူညီချက်ကို ကာကွယ်ရန် အားကောင်းပြီး အမှီအခိုကင်းလွတ်လပ်သော တရားရုံးကဲ့သို့ ခုံရုံးလည်း လိုအပ်မည်ဖြစ်သည်။

## *ရွေးကောက်ပွဲစနစ်*

ရွေးကောက်ပွဲစနစ်အသီးသီးနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများအကြောင်း သိရှိနားလည်ရန် ကနဦးကတည်းကပင် ထည့်သွင်းဆွေးနွေးရမည်ဖြစ်သည်။ ရွေးချယ်ထားသော ရွေးကောက်ပွဲစနစ်သည် အများ၏ သဘောတူညီချက် ကျယ်ကျယ်ပြန့်ပြန့် ရရှိရမည်ဖြစ်ပြီး မဲတန်ဖိုးများတူညီရေးမူကို လိုက်နာရမည်ဖြစ်သလို FPTP စနစ်ကိုကျင့်သုံးပါကလည်း မဲဆန္ဒနယ်ပြန်လည် သတ်မှတ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် အားလုံးပါဝင်မှုရှိသင့်သည်။

## *နိုင်ငံတကာ၏ သဘောထားတုံ့ပြန်မှုများ*

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR)[6] တွင် ဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပရာ၌ မရှိမဖြစ်လိုအပ်သည့် စံနှုန်းများ ပါဝင်သည်။

> *UDHR ပုဒ်မ ၂၁*
>
> ၁) လူတိုင်းသည် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ မိမိ လွတ်လပ်စွာ ရွေးချယ် တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ (...)
>
> ၃) အစိုးရအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ အဆိုပါ ဆန္ဒကို အချိန်အပိုင်းအခြားအလိုက် ကျင်းပသည့် စစ်မှန်သော ရွေးကောက်ပွဲများခြင်းဖြင့် ဖော်ပြနိုင်စေရမည်ဖြစ်သည်။ ထိုရွေးကောက်ပွဲများတွင် အရွယ်ရောက်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိ၍ မဲတန်ဖိုးများတူညီရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်။
>
> *ICCPR ပုဒ်မ ၂၅*

[6] စစ်အာဏာသိမ်းမှုမတိုင်မီနှင့် နောက်ပိုင်းတွင် အရပ်ဘက်လူမှုအသိုင်းအဝိုင်းက လက်မှတ်ရေးထိုးရန် စည်းရုံးလှုံ့ဆော်မှုများရှိသော်လည်း မြန်မာနိုင်ငံသည် ICCPR ကို သဘောတူ လက်မှတ်ရေးထိုးခြင်းမပြုရသေးပါ။ NUG က လက်မှတ်ရေးထိုးရန် ကတိကဝတ်ပြုထားသည်။

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*

SUOMI FINLAND
Norway
LUXEMBOURG AID & DEVELOPMENT

ကျိုးကြောင်းဆီလျော်သော ကန့်သတ်ချက်များ မရှိပါက နိုင်ငံသားတိုင်းတွင် အောက်ပါ ရပိုင်ခွင့်နှင့် အခွင့်အရေး (...) ရှိရမည် -

က) နိုင်ငံသားတိုင်းသည် ပြည်သူ့ရေးရာများတွင် ကိုယ်တိုင်ဖြစ်စေ၊ မိမိ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့် ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) နိုင်ငံသားတိုင်းသည် စစ်မှန်၍ အချိန်အပိုင်းအခြားအလိုက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ဝင်ရောက် ရွေးကောက်ခံနိုင်ခွင့် ရှိရမည်။ ထိုရွေးကောက်ပွဲများတွင် အရွယ်ရောက်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိ၍ မဲတန်ဖိုးများတူညီရမည့်အပြင်၊ လျှို့ဝှက်မဲပေးစနစ်ဖြင့် မိမိ တို့၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြသရန် အာမခံမှု ရှိရမည်။

နိုင်ငံတကာအသိုင်အဝန်းက ၂၀၂၀ ရွေးကောက်ပွဲ၏ တရားဝင်မှုကို လေးစားလိုက်နာရန်တောင်းဆိုခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်း ၂၀၂၁ ဆုံးဖြတ်ချက် (A/RES/၇၅/၂၈၇)ဖြင့် *'၂၀၂၀ နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်ပြုလေးစားပြီး မြန်မာ့ဒီမိုကရေစီကူးပြောင်းရေး ပြန်လည်အသက်သွင်းရန်'* တောင်းဆိုခဲ့ကြသည်။ ထို့ပြင် ၂၀၂၂ ဆုံးဖြတ်ချက် ၁၆၆၉ ဖြင့်လည်း စစ်အုပ်စုအား မြန်မာပြည်သူလူထု၏ ဆန္ဒကိုထင်ဟပ်သည့် ဒီမိုကရေစီ အင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာရန် တောင်းဆိုခဲ့သည်။ ဥရောပသမဂ္ဂလွှတ်တော်သည်လည်း ၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲ၏ ရလဒ်ကို လေးစားလိုက်နာရန်နှင့် အရပ်သားအုပ်ချုပ်ရေးစနစ်ကို ပြန်သွားရန် တောင်းဆိုခဲ့ပါသည်။

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ကြေညာစာတမ်းကို လေးစားလိုက်နာ၍ ရွေးကောက်ပွဲများ၏ သမာသမတ်ကျမှုနှင့် စိတ်ချယုံကြည်မှုကို အားပေးထောက်ခံသည့် ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အုပ်စုဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(နစက)နှင့် ယင်းဖွဲ့စည်းထားသော "ရွေးကောက်ပွဲကော်မရှင်"တို့ စီစဉ်လျက်ရှိသည့် တရားမဝင် "ရွေးကောက်ပွဲ" ကို ရှုံ့ချထားပြီး ထို"ရွေးကောက်ပွဲ"တွင်လည်း လုံးဝပါဝင်ပတ်သက်မှုမရှိကြောင်း အတိအလင်းကြေညာထားပြီးဖြစ်သည်။

ပဋိပက္ခများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည့်အပြင် စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ကျူးလွန်လျက်ရှိသောကြောင့် အခြေခံလွတ်လပ်ခွင့်ကိုလေးစားလိုက်နာ၍ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် စစ်မှန်သော ဒီမိုကရေစီရွေးကောက်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပရန်မှာ မဖြစ်နိုင်ပါ။

အတုအယောင် "ရွေးကောက်ပွဲ" ကျင်းပခြင်းသည် ရှုပ်ထွေးနက်ရှိုင်းသည့် ပဋိပက္ခနှင့် လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းအတွက် ဖြေရှင်းချက်မဟုတ်သည့်အပြင် မြန်မာနိုင်ငံအတွက် တည်ငြိမ်မှုဆောင်ကျဉ်းမပေးနိုင်ဟု မြန်မာ့ဒီမိုကရေစီအရေးအင်အားစုများက ဆိုထားပါသည်။ အတုအယောင်ရွေးကောက်ပွဲကြောင့် အကြမ်းဖက်မှုများ၊ သဘောထားကွဲပြားမှုများ ပိုမိုတိုးပွားလာနိုင်သည့်အပြင် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အကျပ်အတည်းကိုလည်း ထပ်ဆောင်း ဆိုးရွားစေမည်ဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ လုံခြုံရေး၊ တည်ငြိမ်ရေးကိုပါ ပိုမိုခြိမ်းခြောက်လာနိုင်ပါသည်။

နေပြည်တော်တွင် ဟန်ပြလွှတ်တော် ခေါ်ယူဖွဲ့စည်းခြင်းကို ဟန့်တားရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ နိုင်ငံတကာအသိုက်အဝန်းနှင့် ဒီမိုကရေစီ ဘက်တော်သားများက ၂၀၂၀ ရွေးကောက်ပွဲရလဒ်များကို ဆက်လက်လက်ခံခြင်းပင်ဖြစ်သည်။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ တရားဝင် ကြားကာလအဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့နှင့် ပိုမို

ထိတွေ့ဆံဆက်မှုများပြုလုပ်ပြီး မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုအား ဆက်လက်ပံ့ပိုးကူညီမှုများ လုပ်ဆောင်ရန် လိုအပ်နေပါသည်။

ဆက်လက်ဖတ်ရှုရန်

- လမ်းဆုံက ရွေးကောက်ပွဲများ - မြန်မာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်အလွန် ရွေးကောက်ပွဲ ဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

- မြန်မာနိုင်ငံအတွက် ကြားကာလ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုနှင့် ရွေးကောက်ပွဲစနစ် ဒီဇိုင်း

- မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် စစ်အာဏာသိမ်းမှုသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုမရှိခြင်း

- မြန်မာစစ်တပ်၏ ရွေးကောက်ပွဲအစီအစဉ်များ ဘာကြောင့် တရားဝင်မှုမရှိသနည်း။

- Model Commitment for Advancing Genuine and Credible Elections

- မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ နိုင်ငံတကာရွေးကောက်ပွဲကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်

- မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် - ဆန်းစစ်လေ့လာချက်နှင့် အလားအလာများ

- ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း ၁ နှင့် အစိတ်အပိုင်း ၂

- မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်

- မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ၏ နယ်မြေအခင်းအကျင်းအား ပုံဖော်ကြည့်ခြင်း

*ဤစာစောင်တွင်ရေးသားထားသောအကြောင်းအရာများသည် International IDEA ၏ အာဘော်သာဖြစ်ပြီး ပံ့ပိုးကူညီပေးသောနိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုမှုမရှိပါ။*